# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 1 , 2023 Volume 63, Number 1

၁.၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၆.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၉.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၇.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၆.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၁.၄၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၃၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၇၀.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၂.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၉၂၇ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရုရှား-မြန်မာချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**https://www.commerce.gov.mm**

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့၊ (၁၁:၀၀)နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးအောင်နိုင်ဦးသည် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ မစ္စတာ အန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေး၊ ရုရှားနိုင်ငံမှစီးပွားရေးလုပ်ငန်းများ မြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကူညီဆောင်ရွက်သွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94% E1%80%B1%E1%80%AC%E1%80

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်အား Roshni Myanmar Co., Ltd ၏ မန်နေဂျင်းဒါရိုက်တာ လာရောက်တွေ့ဆုံ



Source: https://myantrade.gov.mm

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်အား Roshni Myanmar Co., Ltd ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Mr. Md.Tauhidur Rashid ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ (၁၃:၀၀) နာရီတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံခဲ့ပါသည်။

Roshni Myanmar Co., Ltd သည် ရန်ကုန်မြို့ရှိ ငါးများကို ဝယ်ယူ၍ အအေးခန်းသိုလှောင်ရုံငှားရမ်းကာ ပြုပြင်ထုတ်လုပ်ပြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံများဖြစ်သည့် ကာတာနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စု (ဒူဘိုင်းမြို့)များသို့ တင်ပို့ရောင်းချလျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာနိုင်ငံမှထွက်ရှိသည့် ဆန်၊ ဆားနှင့်ပဲတို့ကို တင်ပို့ရောင်းချရန်အတွက် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး လာရောက်တွေ့ဆုံခြင်းဖြစ်ပါသည်။

အဆိုပါတွေ့ဆုံဆွေးနွေးမှုတွင် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်များ G to G စနစ်ဖြင့် တင်ပို့ရောင်းချနိုင်ခဲ့ပြီး ထပ်မံတင်ပို့ရောင်းချနိုင်ရန်၊ ရခိုင်ပြည်နယ်ဆားလုပ်ငန်းရှင်အသင်းသည် တစ်နှစ်လျှင် ဆားကြမ်းတန်ချိန် ၃၂၀,၀၀၀ ထွက်ရှိသဖြင့် ဆားကြမ်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပို့ကုန်လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရေးကိစ္စတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

**ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ**

**Source:** https://myantrade.gov.mm/article/%E1%80%99%E1%80%BC%E1%80%94%E1%80

## ပုသိမ်မြို့နယ်မှထွက်ရှိသော မျှင်ငါးပိများ ဝယ်လိုအားကောင်းလာသဖြင့် ဈေးကောင်းရရှိနေ



https://www.myawady.net.mm

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှ ထွက်ရှိသော မျှင်ငါးပိများ ဝယ်လိုအားကောင်းလာသဖြင့် ဈေးကောင်းရရှိနေကြောင်း ပုသိမ်မြို့မှ ငါးပိ၊ ငါးခြောက်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင် ဒေါ်ဌေးဌေးဝင်း၏ ပြောဆိုချက်အရ သိရသည်။


မျှင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချနေကြောင်း၊ ၂၀၂၂ခုနှစ် ဒီဇင်ဘာလက မျှင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ အထိသာဈေးရှိခဲ့ပြီး၊ ယခုနှစ် ဇန်နဝါရီလအတွင်းက မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ အထိ ဈေးကောင်းရရှိကြောင်း၊ အဆိုပါဒေသထွက် မျှင်ငါးပိများကို လက်ရှိတွင် ရန်ကုန်ဈေးကွက်မှ ဝယ်လိုအား ပိုမိုကောင်းမွန်လာကြောင်းသိရသည်။

ပုသိမ်ဒေသထွက် မျှင်ငါးပိတွေကို လူကြိုက်များပါတယ်။ သန့်ရှင်းပြီး အရသာလည်းရှိတာကြောင့် ရန်ကုန်က ဖောက်သည်တွေက ချိတ်ဆက်မှာယူတာများတယ်။ ဒေသထွက် မျှင်ငါးပိကိုတော့ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ ဒီနှစ် မျှင်ငါးပိအထွက်နည်းနေပါသေးတယ်။ ရန်ကုန်ဘက်ကနေ နေ့စဉ်တစ်ရက်ကို မျှင်ငါးပိ ပိဿာချိန် ၂၀၀ လောက်မှာယူနေတာရှိပေမယ့် ပိဿာချိန် ၁၂၀ လောက်ပဲ တင်ပို့နိုင်ပါတယ်။ ဝယ်လိုအားကောင်းလာတဲ့အပြင် ဈေးကလည်းကောင်းလာပါတယ်။ မျှင်ငါးပိတွေ အရောင်းအဝယ်ပြန်ကောင်းလာတော့ မျှင်ငါးပိလုပ်ငန်းရှင်တွေရော လုပ်သားတွေပါ အဆင်ပြေလာပါတယ်ဟု ဒေါ်ဌေးဌေးဝင်းကပြောသည်။

ပုသိမ်မြို့နယ်၌ ရွှေသောင်ယံ၊ ချောင်းသာ၊ ငွေဆောင်၊ ပုသိမ် စသည့်ဒေသများရှိ ရေလုပ်သားများထံမှ မျှင်ကောင်များကို ငါးပိ၊ ငါးခြောက်ထုတ်လုပ်သည့်လုပ်ငန်းရှင်များက ဝယ်ယူအသုံးပြုပြီး မျှင်ငါးပိထုတ်လုပ်ရောင်းချခြင်းဖြစ်ကြောင်း၊ မျှင်ငါးပိထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင် ၁၉ ဦးရှိပြီး၊ မျှင်ငါးပိလုပ်ငန်းသည် ဒေသထုတ်ကုန်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကာ မျှင်ငါးပိလုပ်ငန်းတစ်ခုလျှင် လုပ်သားငါးဦးမှရှစ်ဦးအထိ အလုပ်အကိုင်ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/36162

## သုံးနှစ်ဆက်တိုက် ကမ္ဘာ့ရောင်းအား အကောင်းဆုံး ကားကုမ္ပဏီ တိုယိုတာဖြစ်လာ




https://www.popularmyanmar.com

တိုယိုတာ မော်တော်ယာဉ်ကော်ပိုရေးရှင်းသည် ၂၀၂၂ ခုနှစ်တွင် ကားအစီးရေ ၁၀ သန်းခွဲ ရောင်းချနိုင်ခဲ့ခြင်းဖြင့် သုံးနှစ်ဆက်တိုက် ကမ္ဘာ့ရောင်းအားအကောင်းဆုံး ကားကုမ္ပဏီဖြစ်လာကြောင်း ဇန်နဝါရီလ ၃၀ ရက် တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ဟီနိုထရပ်ကားများနှင့် ဒိုင်းဟာဆုကဲ့သို့ ကားအသေးများအပါအဝင် တိုယိုတာသည် ပြည်ပဈေးကွက်တွင် ကားအစီးရေ စံချိန်တင် ၈ ဒသမ ၆ သန်း ရောင်းထွက်ခဲ့ပြီး ပြည်တွင်းဈေးကွက်တွင်မူ ၁ ဒသမ ၉ သန်းအထိသာ ရောင်းချခဲ့ရသည်။

တိုယိုတာ၏ ပြိုင်ဘက်ဖြစ်သော ဒုတိယနေရာတွင် ရပ်တည်နေသည့် ဖော့ခ်ဆွယ်ဂန်အုပ်စုသည် တရုတ်တွင် ကိုဗစ်ပိတ်ဆို့မှုများနှင့် ယူကရိန်းအရေးအခင်းတို့ကြောင့် ကုန်ကြမ်းပြတ်တောက်ကာ ကားအစီးရေ ၈ ဒသမ ၃ သန်းဖြင့် ဆယ်စုနှစ်အတွင်း ရောင်းအားအနည်းဆုံးနှစ် ဖြစ်ခဲ့သည်ဟုကြေညာလာခဲ့သည်။

တိုယိုတာသည်လည်း အချို့သော ချပ်စ်ကုန်ကြမ်းများနှင့်ပတ်သက်၍ ကန့်သတ်မှုများရှိခဲ့သော်လည်း အာရှတွင် ဝယ်လိုအားကောင်းလာခြင်း၊ ကားအစီးရေ ထုတ်လုပ်နှုန်းမြင့်တက်လာခြင်းနှင့် အာရှနှင့်မြောက်အမေရိကတွင် ကားအရည်အသွေး ပိုမိုကောင်းမွန်အောင်ပြုလုပ်နိုင်ခဲ့ခြင်းက ၂၀၂၂ ခုနှစ်တွင် ၎င်း၏ ကမ္ဘာ့ကားထုတ်လုပ်မှုကို ၅ ရာခိုင်နှုန်းအထိ မြှင့်တင်နိုင်ခဲ့သည်ဟု တိုယိုတာကဆိုသည်။

**Source: CNA**

https://www.popularmyanmar.com/?p=101305

## မြဝတီနယ်စပ်စခန်း၏ ကုန်သွယ်မှုပမာဏ လျော့ကျနေဆဲဖြစ်ပြီး ယခင်ဘဏ္ဍာနှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ဒေါ်လာသန်း ၃၀၀ ကျော် ကျဆင်းနေ

မြဝတီနယ်စပ်စခန်း၏ ကုန်သွယ်မှုပမာဏ လျော့ကျနေဆဲဖြစ်ပြီး ယခင်ဘဏ္ဍာနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ဒေါ်လာသန်း ၃၀၀ ကျော်ကျဆင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကုန်သွယ်မှုဆိုင်ရာအချက်အလက်များအရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက် မှ ဇန်နဝါရီ ၂၀ ရက်အထိ မြဝတီနယ်စပ်မှ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၆၇၇ ဒသမ ဝ၃၅ သန်းရှိပြီး ယင်းပမာဏတွင် ပို့ကုန်တန်ဖိုးဒေါ်လာ ၅၇၈ ဒသမ ၈၄၅သန်း၊ သွင်းကုန်တန်ဖိုး ဒေါ်လာ ၁၀၉၈ ဒသမ ၁၉၀ သန်း ပါဝင်ကြောင်းသိရသည်။ ပို့ကုန်တန်ဖိုးမှာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာ ၂၅၅ သန်းကျော်လျော့ကျခဲ့ပြီး၊ သွင်းကုန်တန်ဖိုးမှာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာသန်း ၄၀ ကျော် လျော့ကျခဲ့သည်။ လက်ရှိဘဏ္ဍာနှစ် မြဝတီနယ်စပ်ကုန်သွယ်မှုပမာဏမှာ ယခင်ဘဏ္ဍာနှစ် ကာလတူထက် ဒေါ်လာ ၃၀၁ ဒသမ ၃၃၃ သန်းလျော့ကျနေကြောင်း သိရသည်။

မြန်မာနှင့် ထိုင်းနိုင်ငံနယ်စပ်တွင် ကုန်သွယ်မှုဆောင်ရွက်ရန်အတွက် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ မော်တောင်၊ မယ်စဲ့စခန်းများဖြင့် ဆောင်ရွက်နေကြောင်းသိရသည်။ အဆိုပါနယ်စပ်စခန်းများအနက် ထီးခီးနယ်စပ်စခန်းမှာ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက် မှ ဇန်နဝါရီ ၂၀ ရက်အထိ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၀၆၉ ဒသမ ၃၁၂ သန်းဖြင့် အများဆုံးဆောင်ရွက်ထားကြောင်း သိရသည်။

**Source:** https://news-eleven.com/article/243818

## ကိုဗစ်ကင်းစင်ရေးမူဝါဒကို ဖြေလျှော့လိုက်ပြီးနောက် တရုတ်နိုင်ငံရှိ စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှု ပြန်လည်မြင့်တက်လာခဲ့ဟု တရားဝင်ကိန်းဂဏန်းများအရသိရှိရ

တရုတ်နိုင်ငံရှိ စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုသည် လနှင့်ချီကာ ကျဆင်းမှုဖြစ်ပွားခဲ့ပြီးနောက် ယခုနှစ် ဇန်နဝါရီလထဲတွင် ပြန်လည်မြင့်တက်ခဲ့သည်ဟု ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားအကြီးဆုံး တရုတ်နိုင်ငံတွင် အာဏာပိုင်များကတင်းကျပ်သော ကိုဗစ်ကန့်သတ်ချက်များကို ရုပ်သိမ်းခဲ့ပြီးနောက် စီးပွားရေးသည် ပြန်လည်အရှိန်ရလာခဲ့သည်။ တင်းကျပ်သော လော့ဒေါင်းအစီအမံများကြောင့် စီးပွားရေးအပေါ် ထိခိုက်မှုများအကြီးအကျယ်ဖြစ်ပေါ်ခဲ့ကာ အဓိကျသော အိမ်ခြံမြေကဏ္ဍအကျပ်အတည်း ပိုမိုနက်ရှိုင်းလာစဉ် ယမန်နှစ်က အာရှအင်အားကြီး တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် သုံးရာခိုင်နှုန်းသာရှိခဲ့သည်။ ယင်းသည် ဆယ်စုနှစ်လေးခုအတွင်း အရှိန်အဟုန်အနှေးကွေးဆုံးဖြစ်ခဲ့သော်လည်း ခန့်မှန်းချက်များထက် ကျော်လွန်နေခဲ့ကာ နယ်နိမိတ်များကို ပြန်ဖွင့်ထားစဉ် ခိုင်မာအားကောင်းစွာဖြင့် နာလန်ပြန်ထူနိုင်ရေး မျှော်လင့်ချက်များကို မြင့်တက်စေခဲ့သည်။

တရုတ်အစိုးရအနေဖြင့် ကိုဗစ်ကင်းစင်ရေးမဟာဗျူဟာကို တစ်စိုက်မတ်မတ်ကျင့်သုံးကာ တင်းကျပ်သည့် ဗိုင်းရပ်စ်ထိန်းချုပ်ရေးအစီအမံများကို ချမှတ်ခဲ့ခြင်းကြောင့် အခြားသောကမ္ဘာ့နိုင်ငံများနှင့် ချိတ်ဆက်မှုပြတ်တောက်ကာ ယမန်နှစ်အတွင်း စီးပွားရေးဆိုင်ရာ လည်ပတ်လှုပ်ရှားမှုများနှင့် ကုန်စည်ထုတ်လုပ်ဖြန့်ဖြူးမှု ကွင်းဆက်များအပေါ် သက်ရောက်မှုများ ဖြစ်စေခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအပေါ် ဂယက်ရိုက်ခဲ့သည်။

သို့ရာတွင် လက်တလော၌ စီးပွားရေးပြန်လည်အရှိန်ရလာသည့် လက္ခဏာများကို မြင်တွေ့လာရပြီး အဓိကတိုင်းတာမှုတစ်ရပ်ဖြစ်သော စက်ရုံအလုပ်ရုံများ၏ ထုတ်ကုန်ပမာဏသည် ယခုလထဲတွင် မြင့်တက်လာခဲ့ကာ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကလည်း ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံ၏စီးပွားရေးသည် ၅ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်နိုင်သည်ဟု တိုးမြှင့်ခန့်မှန်းထားသည်။ “ကပ်ရောဂါ တားဆီးကာကွယ်ရေးအစီအမံများသည် အဆင့်သစ်တစ်ခုဆီသို့ ရောက်လာခဲ့ပြီး ပုံမှန်အခြေအနေဆီ တဖြည်းဖြည်း ပြန်ရောက်လာပြီဖြစ်တယ်” ဟု အမျိုးသားစာရင်းအင်းဌာန (NBS) ၏ စာရင်းအင်းပညာရှင် ကျောက်ချင်းဟဲက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

တရားဝင်ထုတ်ပြန်သော ကုန်ထုတ်လုပ်မှုနှင့်သက်ဆိုင်သော Purchasingers’ index (PMI) အညွှန်းကိန်းသည် ပြီးခဲ့သည့် ဒီဇင်ဘာလထဲတွင် ၄၇ မှ ယခုလထဲတွင် ၅၀ ဒသမ ၁ သို့ ပြန်လည်မြင့်တက်ခဲ့သည်ဟု သိရသည်။

နိုင်ငံတွင် လက်ရှိကိုဗစ်ကူးစက်လှိုင်း ပြီးဆုံးတော့မည်ဖြစ်ပြီး ကိုဗစ်ကူးစက်မှုနှင့် သေဆုံးမှုအရေအတွက်လျော့လာသည်ဟု တရုတ်နိုင်ငံ၏ ရောဂါထိန်းချုပ်ရေးနှင့်တားဆီးရေးစင်တာ CDC က ကြေညာချက်ထုတ်ပြန်ထားသည်။ တရုတ်မြို့ကြီးမြို့ငယ်များတွင် ဖျားနာကုဆေးခန်းများသို့လာရောက်မှုသည် ဇန်နဝါရီလအတွင်း ၉၀ ရာခိုင်နှုန်းကျော်၊ ဆေးရုံတက်ရမှုမှာ ၈၅ ရာခိုင်နှုန်းကျော် လျော့ကျသွားခဲ့သည်ဟု သိရသည်။

**Source:** https://news-eleven.com/article/243829

## ကော့သောင်းကုန်သွယ်ရေးစခန်းမှ ပို့ကုန်ရေထွက်ပစ္စည်းတင်ပို့မှုနှင့် သွင်းကုန်ပစ္စည်းတင်သွင်းမှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခု ဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုဇွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၉ ရက်နေ့အထိ ပို့ကုန် တန်ချိန် (၁၈၄၇၀)၊ တန်ဖိုး



https://www.commerce.gov.mm

အမေရိကန်ဒေါ်လာ(၁၉.၆၆၃)သန်း၊ သွင်းကုန်တန်ချိန် (၄၉၇)၊ (၄၀၆) U၊ (၅၀၀၅) BBL၊ တန်ဖိုး အမေရိကန် ဒေါ်လာ (၀.၈၄၇)သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅၁၀ သန်းဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်ဖြစ်ပြီး၊ သီဟိုဠ်စေ့၊ ဆီအုန်း၊ အုန်းဖက်အက်စစ် (Palm Fatty Acid)၊ အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ငါးမျှားကြိုး၊ ပုလင်းဖုံး၊ ခေါက်ဆွဲ၊ ဒီဇယ်၊ ကားမှုတ်ဆေး၊ ဝါဂွမ်း၊ သွားတိုက်ဆေး၊ ရေချိုးဆပ်ပြာ၊ ရေကူးကန်သုံးပစ္စည်း၊ နိုင်လွန်ကြိုး၊ မီးသွေးမှုန့်၊ နှင်းရည်၊ ပီလောပီနံမှုန့်၊ ငါးဖမ်းပိုက်၊ ဒီဇယ်၊ ကန့်၊ သံကြိုးခွေ၊ ၄က်သိုက်၊ ဟိုက်ဒရိုဂျင်ပါ အောက်ဆိုဒ်များဖြစ်ကြောင်း သိရှိရသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade

## မောင်တောကုန်သွယ်ရေးစခန်းမှ ကဏန်းအရှင်တင်ပို့မှုမြင့်တက်



https://www.commerce.gov.mm

တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် ကဏန်းများအား မောတောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံဘက်သို့ ပုံမှန်တင်ပို့လျက်ရှိသည်။ ပုံမှန်အားဖြင့် ကဏန်းဖမ်းဆီးမှုအား (၁)ပတ်ဖမ်း၊ (၁)ပတ်နား စနစ်ဖြင့်ဖမ်းယူကြပြီး ဖမ်းဆီးရမိသည့် ကဏန်းများအား နေ့ချင်းတင်ပို့မှုများရှိသကဲ့သို့ ရက်ပိုင်းခေတ္တထိန်းသိမ်းထားပြီးမှ တင်ပို့မှုများလည်းရှိသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၇ ရက်နေ့အထိ မောတောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံဘက်သို့ ကဏန်းမဲအရှင် (Live Mud Crab) (48000 KG) ခန့်တင်ပို့နိုင်ခဲ့သည်။

လက်ရှိပေါက်ဈေးအနေဖြင့် ကဏန်းမဲအရှင် (1) KG လျှင် (167.82) ဘတ်ရရှိပြီး၊ ယခုသီတင်းပတ်အတွင်း (15000 KG) ကျော် တင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

**Source:** https://www.commerce.gov.mm/my/article/border-trade-news-update-news-border-area-trade

## ဆန်ဈေးအတက်မရပ်ဘဲ မတ်ပဲလည်းဈေးဆက်တိုက်ပြန်တက်

ဆန်ဈေးတွေဟာ ဇန်နဝါရီ ၁၆ ရက်တုန်းက တစ်ကြိမ်တက်လာခဲ့သလို တစ်ပတ်အကြာ ဇန်နဝါရီ ၂၃ ရက်မှာ နောက်ထပ်တစ်ကြိမ် ဈေးတွေထပ်တက်ခဲ့ပြီး ဒီတစ်ပတ်မှာလည်း အတက်မရပ်ဘဲ မနေ့က (ဇန်နဝါရီ ၃၀ ရက်) ဈေးအဖွင့်မှာတင် ဈေးကထပ်တက်လာခဲ့တာဖြစ်ပါတယ်။ ဒီနေ့မှာတော့ ဈေးအပြောင်းအလဲမရှိဘဲ မနေ့ကဈေးတွေအတိုင်းသာ ဆက်ရှိနေပါတယ်။

ဆန်အမျိုးအစားအားလုံးနီးပါး ဈေးတွေထပ်တက်လာတာပါ။ ဆန်အနေအထားတွေကြောင့်ရော၊ ပြည်ပဆန် အဝယ်ရှိနေပြီး ပြည်တွင်းဆန်အထွက်နှုန်း လျော့နည်းမယ်လို့ ခန့်မှန်းမှုတွေကြောင့်ရော အဝယ်လိုက်ပြီး ဈေးတွေဆက်တိုက်မြင့်တက်နေတာဖြစ်သလို ဆန်ဈေးထပ်တက်မှာကိုစိုးရိမ်ပြီး ပြည်တွင်းဝယ်ယူ သိုလှောင်မှုတွေကလည်း အကြောင်းရင်းတစ်ရပ်ဖြစ်တယ်လို့ လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့(AMIA) ရဲ့ ပြီးခဲ့တဲ့တစ်ပတ်ဈေးကွက်သုံးသပ်ချက်အရ သိရပါတယ်။

အကျဘက်ကိုဆက်တိုက်ရောက်သွားပြီး ယခုဇန်နဝါရီ ၂၄ ရက်ကျမှ ဈေးပြန်မော့လာတဲ့ မတ်ပဲဈေးဟာလည်း ဆက်တိုက်တက်နေဆဲဖြစ်ပါတယ်။ ဇန်နဝါရီ ၂၃ ရက်တုန်းက တစ်တန် (၃၁.၁ တင်းခန့်)ကို ၁၆၅၇၀၀၀ ကျပ်ထိ ရောက်သွားတဲ့ မတ်ပဲ(အက်ဖ်အေကျူ၊ အာစီ)ဟာ နေ့စဉ်အတက်ပြန်ပြလာပြီး ဒီနေ့မှာတော့ ၁၇၅၂၅၀၀ ကျပ်ထိ ပြန်ရောက်လာပြီဖြစ်သလို တစ်တန်ကို ၁၈၈၇၀၀၀ ကျပ်ထိ ဖြစ်သွားခဲ့တဲ့ မတ်ပဲ(အက်စ်ကျူ၊ အာစီ)ဈေးဟာလည်း ဒီနေ့မှာ ၁၉၇၇၅၀၀ ကျပ်ထိ ပြန်ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။ ဆိုတော့ တစ်ပတ်အတွင်း တစ်တန်ကို ကျပ် ၉ သောင်းကျော် ၁ သိန်းနီးပါး ဈေးတွေပြန်တက်လာတာဖြစ်ပါတယ်။

အခုလို မတ်ပဲဈေးတွေပြန်တက်နေတာဟာ အသစ်ဝင်လာတဲ့ပဲတွေ အဝယ်သွက်နေတာ၊ လက်ရှိငွေလဲလှယ်နှုန်းဈေး အနည်းငယ်ပြန်မြင့်တက်လာတာ၊ အိန္ဒိယနိုင်ငံရဲ့ ပဲလိုအပ်ချက်ကြောင့် ပြည်တွင်းဝယ်ယူမှုတွေရှိနေတာ၊ ဈေးတွေ အများကြီး မကျဆင်းဖို့ ဈေးထိန်းနေတဲ့အခြေအနေတွေရှိနေတာ စတာတွေကြောင့်ဖြစ်တယ်လို့ ကုန်သည်ကြီးအချို့က သုံးသပ်ကြကြောင်း AMIA ရဲ့ သတင်းပေးပို့ချက်အရ သိရပါတယ်။

(လယ်ယာစိုက်ပျိုးရေးနှင့်ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများနှင့် သုံးသပ်ချက်ကို အခြေခံဖော်ပြခြင်း ဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/Rice_Blackgram_Market_prices

## STOCK EXCHANGE (1.2.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Feb. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,348 (Shares) | 9,020,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,500 | 8,600 | 8,500 | 482 | 4,105,200 | 33,109,694 | 284,743 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,350 | 3,300 | 302 | 996,650 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,500 | 7,700 | 7,500 | 12 | 92,000 | 10,400,986 | 80,088 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,050 | 2,000 | 1,284 | 2,568,050 | 24,720,530 | 49,441 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,550 | 2,600 | 2,550 | 22 | 57,150 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 2 | 5,400 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 244 | 1,195,600 | 10,497,598 | 51,438 |

### Market summary

As of 1st Feb. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 391.73 | -0.60 | -0.15% | 388.86 | 393.56 | 388.86 | 2,348 | 9,020,050 | 7 | 681,455 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1st Feb. 2023

| Trading Volume | Trading Value |
|---|---|
| 2,348 (Shares) | 9,020,050 (MMK) |

### Main Board

As of 1:00 pm, 1st Feb. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,348 (Shares) | 9,020,050 (MMK) |

| MYANPIX | 391.73 ▼ 0.60 |
|---|---|
| Total Volume (shares) | 2,348 |
| Total Value (MMK) | 9 mil |
| Listed Company | 7 |
| Market Cap. (MMK) | 681,455 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |

TIR